MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1- 7503928, 7503929, 09-889955485 , 09-883016868

ရက်စွဲ။ ။ ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၉)ရက်။

**ရှမ်းပြည်တောင်ပိုင်း၊ ကလောခရိုင်၊ ဟဲဟိုး မြို့တွင် MAEX ၏ (၁၀၀%) ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်ထားသော ရှမ်းတောင်အအေးခန်းကုမ္ပဏီလီမိတက်၏ တောင်သူတိုက်ရိုက်ရောင်း လက်ကားဈေး (ဟဲဟိုး) စီမံကိန်း၊ "တန် (၇,၀၀၀) ဆံ့ အာလူးအအေးခန်း" အဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပပြီးစီးကြောင်း အသိပေးထုတ်ပြန်ခြင်း**

ရန်ကုန်မြို့ရှိ တညင်းကုန်းလက်ကားဈေးစီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာအက်ဂရိအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MAEX) သည် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းတိုးချဲ့မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

ယခုအခါ တညင်းကုန်းလက်ကားဈေးကြီးအတွင်း လာရောက်ရောင်းချလျက်ရှိသည့် စိုက်ပျိုး ထုတ်ကုန် များ အဓိကထွက်ရှိရာ ရှမ်းပြည်တောင်ပိုင်း၊ ကလောခရိုင်အတွင်း လုပ်ငန်းများ တိုးချဲ့ရန်အတွက် MAEX ၏ ရာနှုန်းပြည့် (၁၀၀%) ရင်းနှီးမြှုပ်နှံမှုဖြင့် **"ရှမ်းတောင် အက်ဂရို အိတ်(စ်)ချိန်း ကုမ္ပဏီလီမိတက်"** နှင့် **"ရှမ်းတောင်အအေးခန်း ကုမ္ပဏီလီမိတက်"** တို့ကို ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

အဆိုပါကုမ္ပဏီများသည် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မရှင် (SSIC) ၏ ခွင့်ပြုချက်ဖြင့် တောင်သူ တိုက်ရိုက်ရောင်း လက်ကားဈေး (ဟဲဟိုး) စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် စိုက်ပျိုးထုတ်ကုန်များ စုဆောင်း၊ သိုလှောင်၊ ရောင်းချမည့် ဈေးရုံ (Collector Market) စီမံကိန်းများကို တညင်းကုန်း လက်ကားဈေးကြီးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရန် မျိုးအာလူးများ အရည်အသွေးကောင်းမွန်စေရန်နှင့် ထွက်ရှိလာသော အာလူးများ ဈေးနှုန်းတည်ငြိမ်မှု ရှိစေရန်အတွက် ခေတ်မီအအေးခန်း (Cold Storage) ကို တည်ဆောက်သွားမည် ဖြစ်ပါသည်။

၎င်းစီမံကိန်း၏ ပင်မအအေးခန်းအဆောက်အအုံဖြစ်သော **"တန် ၇,၀၀၀ ဆံ့ အာလူးအအေးခန်း"** ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၆) ရက် (အင်္ဂါနေ့) နံနက် (၁၀) နာရီ (၃၅) မိနစ်တွင် ရှမ်းပြည်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဝါးရုံပင်ကျေးရွာအုပ်စုရှိ စီမံကိန်းမြေနေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ဦးဆောင်၍ ရတနာကြုတ်နှင့် ရတနာအုတ်မြစ် များကို စီချမြှုပ်နှံခဲ့ပြီး တာဝန်ရှိသူများနှင့် ဒါရိုက်တာအဖွဲ့ဝင်များကလည်း သတ်မှတ်နေရာများ အလိုက် ရတနာအုတ်မြစ်များကို အောင်မြင်စွာ စီချမြှုပ်နှံခဲ့ ကြပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1- 7503928, 7503929, 09-889955485 , 09-883016868

ဤပင်မအအေးခန်း (တန် ၇,၀၀၀ ဆံ့) စီမံကိန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

- **အဆင့်လိုက်ဆောင်ရွက်မှု** - စီမံကိန်းကို အဆင့် (၂) ဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး၊ ပထမအဆင့်ကို လာမည့် (၁၀) လအတွင်း အပြီးသတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။
- **ယာယီအအေးခန်းဝန်ဆောင်မှုပေးခြင်း နှင့် ဝင်ငွေစတင်ရရှိခြင်း** - ပင်မအအေးခန်းကြီး ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးခြင်း မရှိသေးမီ ကာလအတွင်း ဒေသခံတောင်သူများ၏ သီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အရည်အသွေး ထိန်းသိမ်းနိုင်ရေးအတွက် တန် (၃၀) ဆံ့ ကွန်တိန်နာ (၆) လုံးဖြင့် ယာယီအအေးခန်း ဝန်ဆောင်မှုများ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ကြိုတင်ပံ့ပိုး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ယာယီအအေးခန်း ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် အစုရှယ်ယာရှင်များ ၏ အကျိုးစီးပွားအတွက် ကုမ္ပဏီ၏ ဝင်ငွေ (Revenue) များကို စတင်ဖန်တီးပေးလျက် ရှိပါသည်။

မြန်မာအက်ဂရိုအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MAEX) အနေဖြင့် မိမိတို့၏ စီမံကိန်းတိုးချဲ့လုပ်ကိုင်မှုများနှင့် ပတ်သက်သော တိုးတက်မှုဖြစ်စဉ်များကို ရင်းနှီးမြှုပ်နှံသူများနှင့် အများပြည်သူ သိရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့ကိုယ်စား-**

ရန်လင်း
အတွင်းရေးမှူးဒါရိုက်တာအဖွဲ့